**EVER FLOW RIVER GROUP PUBLIC CO., LTD.**

7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Mayopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.

+951 5440 76, +951 5440 77, +959 8899 488 90

www.efrgroupmyanmar.com www.facebook.com/efrgroup

Ever Flow River Group Public Company Limited.
No.............
Date.............

## အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း

ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်

Ever Flow River Group Public Company Limited (EFR) ၏ (၅-၆-၂၀၂၅) တွင် ကျင်းပခဲ့သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ၁၂ လတာ ဘဏ္ဍာရေးနှစ်အတွက် EFR ၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ သြဂုတ်လ (၆) ရက်နေ့တွင် Online Platform အသုံးပြု၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပြုအမြတ်ဝေစုပမာဏကို သာမန်အစုရှယ်ယာတစ်စုလျှင် ကျပ် ( ၇၀ ) နှုန်း ခွဲဝေပေးရန် ဆုံးဖြတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Ever Flow River Group Public Company Limited (EFR) အနေဖြင့် အဆိုပါ အမြတ်ဝေစု ခံစားခွင့် ရရှိမည့် အစုရှယ်ယာရှင်များကို ၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့အထိ အရောင်းအဝယ်ပြုလုပ်ထားပြီး အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) ဖြစ်သော ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပါသည်။ "Record Date" ၏ အဓိပ္ပာယ်အား ပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/notice/notice-27062016_01/ တွင် ဖတ်ရှုနိုင်ပါသည်။

အစုရှယ်ယာရှင်များထံ အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပပြီးစီးသည့်နောက်တွင် အသိပေးကြေညာသွားမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များ အားလုံးသို့ အစည်းအဝေးဖိတ်စာ၊ အစည်းအဝေးအစီအစဉ်များနှင့် နှစ်ပတ်လည်အစီအရင်ခံစာတို့ကိုလည်း အချိန်နှင့်တပြေးညီ ပေးပို့ပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

EVER FLOW RIVER GROUP PUBLIC CO., LTD.
7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Mayopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.
+951 5440 76, +951 5440 77, +959 8899 488 90
www.efrgroupmyanmar.com www.facebook.com/efrgroup



ယခုကြေညာချက်နှင့်ပတ်သက်သည့် အရေးကြီးရက်စွဲများအား အောက်ပါဇယားတွင် ရှင်းလင်းစွာ ကြည့်ရှုနိုင်ပါသည်-

| **အကြောင်းအရာ** | **အတည်ပြုနေ့ရက်** |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် အစုရှယ်ယာနောက်ဆုံးဝယ်ယူရမည့်နေ့ (Last Day to Trade) | ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၆) ရက် |
| အမြတ်ဝေစု ခံစားခွင့်မရှိသော အစုရှယ်ယာ ဝယ်ယူသည့်ရက် (Ex-Dividend Date) | ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၇) ရက် |
| အမြတ်ဝေစု ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက် |
| နဝမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့်ရက် (AGM Date) | ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၆) ရက် |

**မှတ်ချက်။** Record Date မတိုင်မီ အများပြည်သူအလုပ်ပိတ်ရက်ရှိခဲ့ပါက Record Date မှာ အလိုက်သင့် အပြောင်းအလဲ ရှိနိုင်ပါကြောင်း အစုရှယ်ယာရှင်များအား ကြိုတင်အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

မောင်မောင်ဦး
ဒုဥက္ကဋ္ဌ